စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# လုပ်သားရှားပါးမှုပြဿနာဖြေလျှော့ရန် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်း



မေတိုးအောင်မြင့် (ဒု-ဦးစီးမှူး)
စိုက်ပျိုးရေးဦးစီးဌာန
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

# နိဒါန်း

- ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ ပိုမိုသိရှိလာနိုင်စေရန် စနစ်တကျ စိုက်ပျိုးပြသခြင်း၊ စံပြကွက်များ အောင်မြင်စွာ ပြသနိုင်ခြင်းတို့ကို မြို့နယ် (၂၆) မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပါသည်
- လပွတ္တာမြို့နယ်တွင် တောင်သူပေါင်း - (၂၁၄၉၄) ဦး
- မိုးစပါး - ၃၃၇၈၀၇ ဧက
- နွေစပါး -၂၆၈၁၇ ဧက (မိုးစပါးစိုက်ဧက၏ ၇.၉၃ %)
- ဆောင်းသီးနှံ - ၃၃၈၉၅ ဧက









# နိဒါန်း

- ❖ မိုးစပါး
  - ✓ ကြဲခင်း - ၁၇၀၇၇၃ ဧက (၅၀.၅၅%)
  - ✓ စိုက်ခင်း - ၁၆၇၀၃၄ ဧက (၄၉.၄၅%)
- ❖ အလုပ်သမားအခက်အခဲကြောင့် မိုးစပါးတွင် ကြဲခင်း (၅၀.၅၅)ရာခိုင်နှုန်း
- ❖ ကြဲခင်း (အားနည်းချက်)
  - ✓ မျိုးစေ့နှုန်းထားများစွာသုံးရခြင်း
  - ✓ ပေါင်းပေါက်ရောက်မှုများခြင်းကြောင့် ပေါင်းသတ်ဆေး သုံးစွဲရခြင်း
  - ✓ အပင်ပြုစုစောင့်ရှောက်ရာနှင့် ရိတ်သိမ်းရာတွင် အခက်အခဲရှိခြင်း
  - ✓ ပိုးမွှားရောဂါကျရောက်မှုများခြင်း

# ရည်ရွယ်ချက်

- ❖ အလုပ်သမားရှားပါးမှု လျှော့ချနိုင်စေရန်
- ❖ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးတက်ပြောင်းလဲလာစေရန်
- ❖ တောင်သူများအကျိုးအမြတ်ရရှိပြီး ဝင်ငွေတိုးတက်ကောင်းမွန်လာစေရန်
- ❖ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများအား လက်ခံကျင့်သုံးလာစေရန်






# စမ်းသပ်ကွက်၊ စံပြကွက်ဆောင်ရွက်ရသည့် အကြောင်းအရင်း

- ❖ မျိုးစေ့သုံးစွဲမှုလျော့ချနိုင်စေရန်နှင့်ကုန်ကျစရိတ်သက်သာစေရန်
- ❖ ပျိုးသက်နုစိုက်ခြင်းဖြင့်ပင်ပွားများပြီးကောက်ကွက်ပြည့်မီစေရန်
- ❖ အရည်အသွေးကောင်းမွန်ပြီးအထွက်နှုန်းကောင်းစေရန်
- ❖ စိုက်ခင်းဧရိယာများတိုးတက်လာစေရန်
- ❖ တောင်သူများလက်ခံကျင့်သုံးလာစေရန်







# စိုက်စနစ်အလိုက် စံပြကွက်များ ဆောင်ရွက်ထားရှိမှု အခြေအနေ



| အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခုနှစ် | | ၂၀၁၉-၂၀၂၀ ခုနှစ် | | ပိုမိုစိုက်ပျိုးနိုင်မှု (ဧက) |
|---|---|---|---|---|---|
| | တောင်သူ | ဧက | တောင်သူ | ဧက | |
| ကောက်စိုက်စက် | ၄ | ၂၀ | ၁၄ | ၁၃၉ | (+)၁၁၉ |
| SRI | ၂၆ | ၇၉ | ၄၁ | ၁၂၅ | (+)၄၆ |
| ဘောင်ပျိုး | ၁၀၆ | ၄၅၀ | ၁၁၆ | ၄၅၀ | - |
| အစေ့ချကိရိယာ | ၈ | ၅၀ | ၂၈ | ၁၇၃ | (+)၁၂၃ |









# စပါးမျိုးသက်တမ်းအလိုက် စိုက်ချိန်နှင့် ရိတ်သိမ်းချိန်စီမံမှု

| စဉ် | မျိုးအမည် | အသက်ရက် | ပျိုးထောင်ချိန် | စိုက်ချိန် | ရိတ်သိမ်းချိန် |
|---|---|---|---|---|---|
| ၁ | ရေှာမင်း | ၁၅၀-၁၅၅ | ဇူလိုင်(၃) | ဇူလိုင်(၈) | ဒီဇင်ဘာ(၃) |
| ၂ | ပေါ်ဆန်းရင် | ၁၄၀-၁၄၅ | ဇူလိုင်(၁) | ဩဂုတ်(၁) | ဒီဇင်ဘာ(၃) |
| ၃ | ဆင်းသုခ | ၁၃၀-၁၃၅ | ဇူလိုင်(၈) | ဩဂုတ်(၃) | ဒီဇင်ဘာ(၃) |

# ကောက်စိုက်စက်ဖြင့် စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေ

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာခွဲ | တောင်သူပေါင်း | မျိုးအမည် | စံပြကွက်ဧက |
|---|---|---|---|---|---|
| ၁ | ၃ | ၃ | ၁၄ | ဆင်းသုခ | ၁၇.၀၀ |
| ၂ | | | | ပေါ်ဆန်းရင် | ၅၉.၀၀ |
| ၃ | | | | ရွှေမင်း | ၆၃.၀၀ |
| | ၃ | ၃ | ၁၄ | ၃ မျိုး | ၁၃၉.၀၀ |







# ကောက်စိုက်စက် စံပြကွက်ဆောင်ရွက်ထားရှိမှု အခြေအနေ

| | |
|---|---|
| တောင်သူအမည် | - ဦးမောင်ဌေး |
| ကျေးရွာအုပ်စုအမည် | - ကျောက်မှော် |
| ကျေးရွာအမည် | - အောက်ချောင်း |
| ကွင်း ၊ ဦးပိုင် | - ၅၈၁က ၊ ၁၃/၁ |
| မျိုးအမည် | - ဆင်းသုခ |
| စိုက်ပျိုးသည့်ဧက | - ၁၆.၀၀ ဧက |












# မြေဩဇာထည့်သွင်းခြင်း

| မြေဩဇာသုံးစွဲချိန် | | ကောက်စိုက်စက် | | | ပုံမှန်စိုက်ခင်း | | |
|---|---|---|---|---|---|---|---|
| | | Urea (kg) | T-Super (kg) | Potash (kg) | Urea (kg) | T-Super (kg) | Potash (kg) |
| မြေခံ | | - | ၂၅ | - | - | ၂၅ | - |
| ကောက်ပင် လှန်ချိန် | ၁၄ ရက်သား | ၂၅ | - | - | ၂၅ | - | - |
| မို့ကပ်ချိန် | | - | - | ၁၅ | - | - | ၁၅ |
| အလံရွက်ထွက်ချိန် | ၈၂ ရက်သား | ၂၅ | - | - | ၂၅ | - | - |
| အနှံမထွက်မီ (၅)ရက်လို | ၉၅ ရက်သား | ၂၅ | - | - | ၂၅ | - | - |
| | | ၇၅ | ၂၅ | ၁၅ | ၇၅ | ၂၅ | ၁၅ |

# ကောက်စိုက်စက်နှင့် ပုံမှန်စိုက်ခင်း အထွက်နှုန်းမိတ်ဖက်များ နှိုင်းယှဉ်ခြင်း

| စဉ် | အကြောင်းအရာ | ကောက်စိုက်စက် | ပုံမှန်စိုက်ခင်း | ကွာခြားချက် (+) / (-) |
|---|---|---|---|---|
| ၁ | ပျိုးထောင်သည့်နေ့ | ၃၁.၇.၂၀၂၀ | ၃၁.၇.၂၀၂၀ | |
| ၂ | စိုက်ပျိုးသည့်နေ့ | ၁၀.၈.၂၀၂၀ | ၂၃.၈.၂၀၂၀ | |
| ၃ | ရိတ်သိမ်းသည့်နေ့ | ၁၀.၁၂.၂၀၂၀ | ၁၅.၁၂.၂၀၂၀ | |
| ၄ | ပင်မြင့် (စင်တီမီတာ) | ၁၂၇.၆ | ၁၂၀.၃ | (+) ၇.၃ |
| ၅ | တစ်ကေကောက်ကွက် | ၁၀၆၀၀၀ | ၁၀၅၀၀၀ | (+) ၁၀၀၀ |
| ၆ | အောင်နှံ့ပါပင်ပွား | ၁၂ | ၁၁.၂၅ | (+) ၀.၇၅ |
| ၇ | တစ်နှံ့ပါအစေ့ပေါင်း | ၁၁၆ | ၁၁၃ | (+) ၂ |
| ၈ | အောင်စေ့ရာခိုင်နှုန်း | ၈၀.၇၁ | ၇၈.၇၆ | (+) ၁.၉၅ |
| ၉ | အစေ့(၁၀၀၀)အလေးချိန်(ဂရမ်) | ၂၀.၆ | ၂၀.၆ | |

# တစ်ဧကကုန်ကျစရိတ်နှင့် အထွက်နှုန်း နှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | ကောက်စိုက်စက် | ပုံမှန်စိုက်ခင်း | ကွာခြားချက် (+) / (-) |
|---|---|---|---|---|
| ၁ | တစ်ဧကအထွက် (Y-Method) | ၁၁၇.၄၆ တင်း | ၁၀၃.၇၀ တင်း | (+) ၁၃.၇၆ တင်း |
| ၂ | အစိုနို့ဆီဖူး (၆.၆'×၆.၆') | ၁၆ ဖူး | ၁၄.၁၀ ဖူး | (+) ၁.၉ ဖူး |
| ၃ | တစ်ဧကအထွက်(အစို) | ၁၂၅ တင်း | ၁၁၀.၁၅ တင်း | (+) ၁၄.၈၅ တင်း |
| ၄ | တစ်ဧကအထွက်(အခြောက်) | ၁၁၁.၂၅ တင်း | ၉၉.၂၃ တင်း | (+) ၁၂.၀၂ တင်း |
| ၅ | တစ်ဧကကုန်ကျစရိတ် | ၂၁၂၆၀၀ | ၂၈၅၆၀၀ | (-) ၇၃၀၀၀ |
| ၆ | တစ်ဧကအကျိုးအမြတ် | ၃၄၃၆၅၀ | ၂၁၀၅၅၀ | (+) ၁၃၃၁၀၀ |

# တစ်ဧကကုန်ကျစရိတ်နှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | ကောက်စိုက်စက် | ပုံမှန်စိုက်ခင်း | ကွာခြားချက် (+)/(-) |
|---|---|---|---|---|
| ၁ | ပျိုးခင်းမြေပြင်ခြင်း | ၁၀၀၀၀ | ၄၀၀၀၀ | (-) ၃၀၀၀၀ |
| ၂ | စိုက်ခင်းပြုပြင်ခြင်း | ၁၅၀၀၀ | ၁၅၀၀၀ | - |
| ၃ | စိုက်ပျိုးခြင်း | ၂၅၀၀၀ | ၆၀၀၀၀ | (-) ၃၅၀၀၀ |
| ၄ | အပင်ပြုစုခြင်း | ၉၀၀၀ | ၁၄၀၀၀ | (-) ၅၀၀၀ |
| ၅ | ရိတ်သိမ်းခြွေလှေ့ခြင်း | ၆၁၀၀၀ | ၆၁၀၀၀ | - |
| ၆ | သွင်းအားစုသုံးစွဲခြင်း | ၉၂၆၀၀ | ၉၅၆၀၀ | (-) ၃၀၀၀ |
| | **စုစုပေါင်းကုန်ကျစရိတ်** | **၂၁၂၆၀၀** | **၂၈၅၆၀၀** | **(-) ၇၃၀၀၀** |

# တစ်ဧကလုပ်သားအသုံးပြုမှုနှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | ကောက်စိုက်စက် (လူဦးရေ) | ပုံမှန်စိုက်ခင်း (လူဦးရေ) | ကွာခြားချက် (+)/(-) |
|---|---|---|---|---|
| ၁ | ပျိုးခင်းမြေပြင်ခြင်း | ၂ | ၆ | (-) ၄ |
| ၂ | စိုက်ခင်းပြုပြင်ခြင်း | ၄ | ၄ | - |
| ၃ | စိုက်ပျိုးခြင်း | ၅ | ၁၃ | (-) ၈ |
| ၄ | အပင်ပြုစုခြင်း | ၂ | ၃ | (-) ၁ |
| ၅ | ရိတ်သိမ်းခြွေလှေ့ခြင်း | ၆ | ၆ | - |
| ၆ | သွင်းအားစုသုံးစွဲမှု | ၃ | ၃ | - |
| | **စုစုပေါင်း လူဦးရေ** | **၂၂** | **၃၅** | **(-) ၁၃** |

# ကောက်စိုက်စက်အသုံးပြု၍စိုက်ပျိုးခြင်း၏ အားနည်းချက်နှင့် အားသာချက်

## အားသာချက်

- ပျိုးသက်နုနု စိုက်ပျိုးနိုင်ခြင်း
- ပျိုးခင်းနေရာကျဉ်းခြင်း
- ကောက်ပင်လှန်မြန်ခြင်း
- ပင်ပွားများများရရှိခြင်း
- အထွက်နှုန်းနှင့်အရည်သွေး ကောင်းမွန်ခြင်း
- ဝင်ငွေတိုးတက်ခြင်း
- တစ်ကောက်ကွက်ပြည့်မီခြင်း
- မျိုးသန့်ထုတ်ကေပိုမိုစိုက်ပျိုးနိုင်ခြင်း

## အားနည်းချက်

- လယ်မျက်နှာပြင်ညီညာရန်လိုအပ်ခြင်း
- စိုက်ခင်းအတွင်း ကျောက်ခဲများ ရှင်းလင်းရန် လိုအပ်ခြင်း
- စိုက်ခင်းအတွင်းရေရှိနေလျှင် ပျိုးပင်များ ကျွတ်ထွက်ခြင်း
- ပျိုးသက်(၁၄)ရက်သားထက်ကျော်လွန်ပါက ပျိုးပင်များ တောင့်တင်းမှု အားနည်းလာခြင်း
- တောင်သူအများစု စိုက်ပျိုးလိုသော်လည်း ရေမြေအခြေအနေ ကြောင့်မစိုက်ပျိုးနိုင်ခြင်း

# လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်

- ပျိုးထောင်မှုကုန်ကျစရိတ် လျှော့ချနိုင်ပြီး ပျိုးသက်နုနုဖြင့် ချက်ချင်းစိုက်သဖြင့် ကောက်ပင်လှန်မြန်ခြင်း
- မျိုးစပါးသုံးစွဲမှုနှင့် အချိန်၊ လုပ်သားအင်အားကို လျှော့ချနိုင်ခြင်း
- တစ်နေ့လျှင် (၆.၅ - ၈.၅) ဧကအထိစိုက်ပျိုးနိုင်ခြင်း
- ပျိုးခင်းမှစပါးခွံမြေဆွေးအားလုံး စိုက်ခင်းထဲသို့ပါလာခြင်းဖြင့် မြေဆီသြဇာ ထက်သန်မှုကို အထောက်အကူဖြစ်စေခြင်း
- အလုပ်သမားရှားပါးမှုပြဿနာဖြေလျှော့နိုင်ခြင်း
- လပွတ္တာမြို့နယ်တွင် ကောက်စိုက်စက်မရှိခြင်း၊ ပျိုးဗန်းလုံလောက်မှုမရှိခြင်း

# ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

- ၂၀၂၀-၂၀၂၁ ခုနှစ် ၊ နွေစပါးတွင်(၃၀.၀၀) ဧက စမ်းသပ်စိုက်ပျိုးရန်
- ၂၀၂၀-၂၀၂၁ခုနှစ် ၊ မိုးစပါးတွင်(၂၃၀.၀၀) ဧက တိုးချဲ့စိုက်ပျိုးရန်
- ကောက်စိုက်စက်ဖြင့် မျိုးစေ့ထုတ်ကေများပိုမိုစိုက်ပျိုးနိုင်ရန်
- ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်းသည် အလုပ်သမားရှားပါးမှုပြဿနာအား ဖြေလျော့နိုင်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာပြီးအထွက်နှုန်းပို၍ ဝင်ငွေပိုနိုင်ခြင်းကို တောင်သူများ ပိုမိုနားလည် သဘောပေါက်လာစေရေး ပညာပေးရန်





# ကောက်စိုက်စက်စံပြကွက်ဆောင်ရွက်ထားရှိမှုမှတ်တမ်း









# ကောက်စိုက်စက်စံပြကွက်ဆောင်ရွက်ထားရှိမှုမှတ်တမ်း







ကျေးရူးတင်ပါသည်။
NOTE 8 PRO
CAMERA